မွေး/ကုဦးစီးဌာန

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန

## မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန

## ညွှန်ကြားချက်အမှတ် ၂ /၂၀၂၀

၁၃၈၁ ခုနှစ် တပို့တွဲလဆန်း ၇ ရက်

(၂၀၂၀ ပြည့်နှစ် ဇန်နဝါရီလ ၃၁ ရက်)

၁။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနသည် တိရစ္ဆာန်ကျန်းမာရေးနှင့်ဖွံ့ဖြိုးရေးဥပဒေ ပုဒ်မ ၁၅၊ ပုဒ်မခွဲ (ဃ)အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကို ကျင့်သုံး၍ ဝက်များ ရွှေ့ပြောင်းသယ်ဆောင်ရာတွင် အာဖရိကဝက်အပြင်းဖျားရောဂါ ကူးစက်ပျံ့ပွားမှု မဖြစ်စေရေးအတွက် ဤညွှန်ကြားချက်ကို ထုတ်ပြန်လိုက်သည်။

၂။ ဝက်များကို ရွှေ့ပြောင်းသယ်ဆောင်ရာတွင် အာဖရိကဝက်အပြင်းဖျားရောဂါ ရှိ မရှိ စစ်ဆေးမှုခံယူပြီး ကူးစက်ရောဂါကင်းရှင်းကြောင်း တိရစ္ဆာန်ကျန်းမာရေး ထောက်ခံချက်လက်မှတ် (AHD/PC-3)ကို ရယူပြီးမှသာ ရွှေ့ပြောင်း သယ်ဆောင်ရမည်။

၃။ မည်သူမဆို ဤညွှန်ကြားချက်ကို လိုက်နာရန် ပျက်ကွက်ပါက တိရစ္ဆာန်ကျန်းမာရေးနှင့် ဖွံ့ဖြိုးရေး ဥပဒေ ပုဒ်မ ၂၄ အရ အရေးယူခြင်းခံရမည်။

ဒေါက်တာရဲထွန်းဝင်း
ညွှန်ကြားရေးမှူးချုပ်

စာအမှတ်၊ ညကခ/စမရ/ဥပဒေ/၂၀၂၀ ( ၀၂ )

ရက်စွဲ၊ ၂၀၂၀ ပြည့်နှစ် ဇန်နဝါရီလ ၃၁ ရက်

ဖြန့်ဝေခြင်း

ပြည်ထောင်စုနယ်မြေ(နေပြည်တော်)နှင့်တိုင်းဒေသကြီး/ပြည်နယ်ဦးစီးဌာနမှူးများ(အားလုံး)
ခရိုင်ဦးစီးဌာနမှူးများ(အားလုံး)
မြို့နယ်ဦးစီးဌာနမှူးများ(အားလုံး)
မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန

ဝက်မွေးမြူဖြန့်ဖြူးရောင်းချသူများ(အားလုံး)

ကြော်ငြာသင်ပုန်း(သက်ဆိုင်သူများသိစေရန်)

မိတ္တူကို

ပြည်ထောင်စုဝန်ကြီးရုံး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန

ညွှန်ကြားရေးမှူးချုပ်ရုံး၊ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန

ဒုတိယညွှန်ကြားရေးမှူးချုပ် (စီမံ၊ သုကျွန်း၊ မွေးဖွံ့)၊ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန

ဌာနခွဲအားလုံး

မျှောစာတွဲ/ လက်ခံစာတွဲ